
ငယ်ချစ်ဆွေ
သန်းဆွေ
Hawaii

# ငယ်ချစ်ဆွေ

ကျွန်တော်၏ အသက် ၁၆ နှစ်အရွယ်ကပင် ကျွန်တော် သည် ငယ်ချစ်ဆွေနှင့် ဆုံတွေ့ခဲ့ရပါသည်။ ငယ်ချစ်ဆွေမှာမူ ၁၄ နှစ်သမီးမျှသာ ရှိပါသေးသည်။

ထိုစဉ်က ကျွန်တော်သည် ရွာအပြင်ဘက်ရှိ ချောင်းကလေးဖြတ်ကူးထားသော တံတားငယ်တခု၏ ဤမှာဘက်မှ ဟိုမှာဘက်သို့ ဖြတ်ကျော်၍ အသွား ဆွေကလည်း တံတားငယ် ၏ ဟိုမှာဘက်မှ ဤမှာဘက်သို့ ဖြတ်ကျော်၍ အလာ..တံတား ထက်တွင် ဆုံခဲ့မိကြခြင်း ဖြစ်လေသည်။ ရုတ်တရက်ဆုံတွေ့မိ ကြခြင်းဖြစ်သဖြင့် ကျွန်တော်ရော ဆွေပါ အံ့အားသင့်ကာ ရပ်တန့်နေမိပါသည်။ တံတားငယ်နှင့် မနီးမဝေးတွင်ရှိ ပန်းဘဲဖိုမှ တူထုသံသာလျှင် ဆိတ်ငြိမ်လျက်ရှိသော လောကဓာတ်ဝယ် ပျင်း ရိငြီးငွေ့ဘွယ်ရာ ထွက်ပေါ်လျက်ရှိလေသည်။ အဘယ်ကြောင့် မသိ၊ ဤတူထုသံကို ကြားရသည့်အခါ ရင်ထဲတွင် ဟာကနဲဖြစ်မိ ကာ အဘယ်ကို လွမ်းရမည်မသိဘဲ ဝမ်းနည်းသလိုလို ဖြစ်ခဲ့ရပါ သည်။

ထိုနေ့က ဆွေ၏ လမ်းလျှောက်ဟန်၊ ဆွေ၏ အမူအရာ၊ ဆွေ၏ အကျႌနှင့်ထမီရောင် စသည်တို့မှာ ယနေ့တိုင် ကောင်းစွာ မှတ်မိလျက် ရှိပါသေးသည်။ ကျွန်တော်သည် ဆွေ၏ အနီးသို့ တိုး၍ သွားကာ ချစ်မြတ်နိုးစွာဖြင့် ဆွေ၏ လက်ဖျားနှစ်ဘက်ကို ဆွဲယူကိုင်တွယ်မိ၏ ။ ကျွန်တော်သည် ဆွေနှင့် ထိုအချိန်ကမှ စတင်တွေ့ခဲ့ရခြင်း ဖြစ်သော်လည်း ရဲတင်းလှသော ကျွန်တော်၏ အပြုအမူအတွက် လက်ရှို့တွန့်ဆုတ်လိုစိတ် အနည်းငယ်မျှ မပေါ်ခဲ့။ ဆွေကလည်း ထိတ်လန့်ရှို့ရှာသည့် အမူအရာကို မပြ ခဲ့။ ပြုံးရွှင်ကြည်လင်စွာပင် ကျွန်တော်၏ အပြုအမူကို ခံယူခဲ့၏ ။ ထိုအခါက ကျွန်တော်သည် ဆွေ၏ တကိုယ်လုံးကို ပွေ့ဘက်နမ်း ရှုံ့စေကာမူ ဆွေသည် ငြင်းဆန်လိမ့်မည်မထင်ခဲ့။

ဆွေနှင့် တွေ့ခဲ့ကြစဉ်က ကျွန်တော်၏ ရင်ထဲတွင် ဖြစ် ပေါ်လာခဲ့သော အချစ်မှာ မောင်နှမချစ် မဟုတ်ခဲ့။ သို့သော် ရင်ထဲ၌ ပူပန်တောက်လောင်ခြင်း မရှိသဖြင့် သမီးရည်းစားချစ် လည်း မဟုတ်ခဲ့။ မောင်နှမချစ်နှင့် သမီးရည်းစားချစ် နှစ်ခု အကြားတွင် ရှိ၍ ထိုအချစ်တခုထက် သာလွန်၍ မြင့်သော အချစ်မျိုးဖြစ်၏ ။

ဆွေသည် ကျွန်တော်ဆွဲခေါ်ရာနောက်သို့ ရုန်းကန်ခြင်း မရှိဘဲ လိုက်လာ၏ ။ မိတ်ဟောင်းဆွေဟောင်းများပမာ ထွေရာ လေးပါးစကားလက်ဆုံကျခဲ့ကြ၏ ။ ဆွေက ကျွန်တော့်အား 'ကိုလွင်' ဟု ခေါ်၏ ။ ဤနာမည်မှာ ကျွန်တော်၏ နာမည် မဟုတ် သော်လည်း ကျွန်တော်က ကျေနပ်နှစ်သိမ့်စွာ ထူးခဲ့၏ ။ ကျွန် တော်ကလည်း ဆွေအား 'ဖြူဖြူ' ဟု ခေါ်ခဲ့၏ ။

ကျွန်တော်တို့နှစ်ယောက်သည် တဖြည်းဖြည်းနှင့် ရွာနှင့် ဝေးလာကာ လယ်တဲကြီးတခုအနီးသို့ ရောက်လာ၏ ။ လယ်တဲ မှာ တိတ်ချက်သားကောင်းလှသဖြင့် ကျွန်တော်တို့နှစ်ယောက် သည် လယ်တဲအတွင်းသို့ ဝင်၍ ကြည့်ကြ၏ ။ လယ်တဲအဝင်ဝရှိ ကွပ်ပျစ်ပေါ်၌ ကောက်ညှင်းပေါင်း အပြည့်ထည့်၍ ထားသော ဇလုံတလုံးနှင့် ငါးခြောက်ကြော်တပန်းကန်၊ လဘက်ရည်ကြမ်း အိုးတလုံးနှင့် လဘက်ရည်ပန်းကန်လုံးနှစ်လုံးကို တွေ့ရ၏ ။ ကောက်ညှင်းပေါင်းမှာ အငွေ့တထောင်းထောင်းထနေကာ ငါး ခြောက်ကြော်မှာလည်း ပူပူနွေးနွေး မွှေးမွှေးကြိုင်ကြိုင်ပင် ရှိနေ ၏ ။ လက်ဘက်ရည်ကြမ်းအိုးမှာလည်း လဘက်ရည်ကြမ်းအပြည့် ပူပူလောင်လောင်ကြီး ရှိနေ၏ ။ ကွပ်ပျစ်ဒေါင့်တနေရာ၌ ကြောင်တကောင်သည် အိပ်၍ နေ၏ ။

ကျွန်တော်က လဘက်ရည်ကြမ်းအိုးကို ငုံ့နေစဉ် ဖြူဖြူ က ''ကိုလွင် ဒီမှာ ခဏနေအုန်းနော်...၊ ဖြူဖြူအခုဘဲလာခဲ့ မယ်။ မီးဖိုချောင်ဘက်မှာ ဘယ်သူတွေများ ရှိသလဲ၊ သွားကြည့် ချင်လို့'' ဟုဆိုကာ မီးဖိုဆောင်ဘက်သို့ ထွက်၍ သွား၏ ။ ကျွန် တော်သည် ကွပ်ပျစ်တွင် ဝင်၍ ထိုင်ကာ လဘက်ရည်ကြမ်းကို သောက်ရင်း ဖြူဖြူပြန်လာမည့်အချိန်ကို စောင့်၍ နေခဲ့၏ ။ အချိန်အတော်ကြာအောင်

စောင့်သော်လည်း ဖြူဖြူမလာသဖြင့် ကျွန်တော်သည် မီးဖိုဆောင်ဘက်သို့ လိုက်သွားမိ၏ ။ ဖြူဖြူကို ကား မတွေ့ခဲ့ရ။ သို့နှင့် မီးဖိုဆောင်မှ လယ်တဲနောက်ဖေးဘက် သို့ ထွက်လာသောအခါ ကျွန်တော် ရောက်နေသောနေရာမှာ လယ်တောမဟုတ်ဘဲ သချႋုင်းဖြစ်နေသည်ကို တွေ့ရလေ၏ ။ မြေပုံနှင့် အုတ်ဂူများကိုသာ တွေ့ခဲ့ရ၏ ။ မိုးကုတ်စက်ဝိုင်း အောက်တွင် ပျောက်ကွယ်လုဆဲဆဲဖြစ်နေသော နေဝန်း၏ မှုန်ရီ ရီအလင်းရောင်အောက်ဝယ် မြေပုံများနှင့် အုတ်ဂူများအကြားသို့ ရောက်နေသော ကျွန်တော်မှာ စိတ်ချောက်ချား၍ လာ၏ ။ မြေပုံ များနှင့်အုတ်ဂူများအကြားတွင် ပြေးသွားရင်းက ဖြူဖြူ၏ နာမည် ကို အော်၍ ခေါ်မိ၏ ။ အော်ရင်း ခေါ်ရင်း ပြေးရင်းက ညဥ့်ဘက် သို့ ကူးကာ အမှောင်ထု ကြီးမားလာသဖြင့် လမ်းကိုပင် မမြင် တော့။

ထိုအချိန်တွင် အိပ်ရာမှ လန့်၍ နိုးခဲ့ရလေသည်။ အိပ် ရာထဲတွင် ငုတ်တုတ်ထိုင်ရင်းက အိပ်မက်ထဲ၌ ဆွေ့အား ဆုံးရှုံး ခဲ့ရသည့်အဖြစ်ကို တွေးမိကာ နှမြောပူပန်မိခဲ့လေသည်။ အမှန် မှာ ထိုအိပ်မက်ကို မက်နေချိန်က ကျွန်တော်၏ အသက်မှာ ၁၆ နှစ် မဟုတ်ဘဲ ၁၈ နှစ်ကျော်ကျော် ရှိခဲ့လေပြီ။ ကျွန်တော် နေ သော ဒေသမှာလည်း တောရွာမဟုတ်ဘဲ ရန်ကုန်မြို့ရှိ အထက် တန်းကျောင်း တကျောင်း၌ ကျောင်းအိပ် ကျောင်းစားနေခဲ့ခြင်း ဖြစ်၏ ။